# ပြည်သူများသို့ ပန်ကြားချက်

၂၀၀၇ ခုနှစ်ဩဂုတ်လ လလယ်ပိုင်းကစပြီး လောင်စာဆီဈေးနှုန်းတွေကို စစ်အစိုးရကအဆမတန်မြှင့်တင်လိုက်တဲ့အတွက်နေ့စဉ်စားဝတ်နေမှုအပေါင်းကိုအလျှင်မှီအောင်ဖြေရှင်းနေရတဲ့မြန်မာပြည်သူလူထုအနေနဲ့ဆင်းရဲဒုက္ခပိုရောက်ရပါတယ်ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကိုနှစ်ရှည်လများခံစားခဲ့ရတဲ့လူထုအနေနဲ့သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ မရှိမဖြစ် အရေးပါလှတဲ့ လောင်စာဆီဈေးနှုန်း မြှင့်တင်လိုက်ရာ ဘတ်စ်ကားမစီးနိုင်ဘဲ လမ်းလျှောက်ပြီး အလုပ်ခွင်ဆင်းရတော့မလို၊ ကျောင်းသွား တက်ရတော့မလို အခြေအနေထိ ရောက်သွားရပါတယ်၊ လောင်စာဆီဈေးနှုန်းကျဆင်းရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးကြွေးကြော်သံတွေနဲ့ ဆိုင်းဘုတ်ကိုင်လမ်းလျှောက်ဆန္ဒပြတဲ့သူတွေကိုစစ် အာဏာပိုင်တွေနဲ့ ကြေးစားလူမိုက်တွေက ပြည်သူအမည်ခံပြီးအကြမ်းဖက်နှိမ်နင်းဖြိုခွဲခဲ့ပါတယ်။ ပြည်သူလူထုဘဝကို နားလည်စာနာပြီး လူထုရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ဦးဆောင်မှုပေးကြတဲ့ရှစ်ဆယ်ရှစ်မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေကို ဖမ်းဆီးထိမ်းသိမ်းထားတာ တစ်လနီးပါးရှိ ပြီဖြစ်ပြီး ဘယ်နေရာမှာစစ်ကြောနေတယ်ဆိုတာ မိဘအရင်းတွေတောင် မသိကြရပါဘူးဆန္ဒပြကြတဲ့ ကျောင်းသူ အမျိုးသမီးငယ်တွေ၊ မြန်မာ့အမျိုးကောင်းသမီးတွေကိုလည်း ကာအိန္ဒြေပျက်လောက်အောင် အနှောက်အယှက်ပြုဖြိုခွဲခဲ့ကြပါတယ်၊

လူထုရဲ့ ဒုက္ခအပေါင်းကိုနားလည်စာနာတဲ့ ဗုဒ္ဓဘာသာရဟန်းသံဃာတွေက ပခုက္ကူမြို့မှာ စက်တင်ဘာ(၅)ရက်နေ့က မေတ္တာပို့ဆုတောင်းပေးတဲ့အခါ သေနတ်နဲ့ပစ်ဖေါက် လိုက်လံဖမ်းဆီးပြီး သံဃာတော်တွေကိုကြိုးတုတ်။ ဓါတ်တိုင်မှာချည်၊ နေပူလှန်း၊ ပါးရိုက်၊ ဦးခေါင်းကို သေနတ်ဒင်နဲ့ ထုရိုက်တဲ့အထိ မိုက်ရိုင်းစော်ကားမှုပြုခဲ့ကြပါတယ်။ အာဏာသိမ်းစစ်အာဏာရှင်အ ဆက်ဆက်က လူထုကိုရော။ ပြည်သူလူထုဘက်က။ အမှန်တရားဘက်က ကာကွယ်ရပ်တည်ပေးကြတဲ့ သံဃာတော်တွေကိုရော ခေတ်အဆက်ဆက်နှိမ်နင်းအကြမ်းဖက်ခဲ့တာဒီပုံစံတွေပါပဲ၊

အရှေ့တောင်အာရှမှာသဘာဝသယံဇာတဖြစ်တဲ့မြေပေါ်မြေအောက်အဖိုးတန်ရတနာ၊ ဓါတ်သတ္တုသစ်တောရေနံ၊ သဘာဝဓါတ်ငွေ့ အပေါများဆုံးထွက်ရှိတဲ့ မြန်မာပြည်မှာလောင်စာဆီတွေ အဆမတန်ဈေးမြှင့်လက်တာလူထုကိုပိုပြီး ဆင်းရဲဒုက္ခရောက်အောင် လုပ်လိုက်တာဖြစ်ပါတယ် တနည်းအားဖြင့် လက်နက်အားကိုးနဲ့ဗိုလ်ကျချယ်လှယ်ပြီး ငါတို့အာဏာရှိတယ်။ ဘာမဆိုလုပ်ချင် တာဖြစ်တယ်ဆိုတဲ့ သဘောနဲ့ဏ္ဍအကြီးအကျယ်စော်ကားလိုက်တာလည်းဖြစ်ပါတယ်။ ဒါပေမယ့်ပြည် သူလူထုကြီးရဲ့ အသိတရား၊ မကြောက်တရားက အာဏာပိုင်တွေကို အမြို့မြို့အနယ်နယ်မှာငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ နည်းလမ်းနဲ့ကိုယ့်ရဲ့ရင်တွင်းဆန္ဒကိုထုတ်ဖေါ်ပြီးစိန်ခေါ်နေကြပါပြီ ပြည်တင်းလျှင် မင်းမခံနိုင်ဆိုတဲ့ အတိုင်းလူထုကြီးကအမှန်တရားအတွက်သတ္တိရှိရှိတပြည်လုံး အုံကြွခဲ့ကြလို့ ၁၉၈၈မှာ မဆလ တစ်ပါတီ အာဏာရှင် အုပ်စုပြုတ်ကျခဲ့တဲ့ သာဓကတစ်ခုရှိပါတယ် ခုတကြိမ်လည်း လက်နက်အားကိုးနဲ့ အုပ်စုဖွဲ့ဗိုလ်ကျနေတဲ့ အာဏာရှင်တွေကို အပြီးတိုင်ဖြိုလှဲပစ်ဖို့ လှည်းနေ လှေအောင်း။ မြင်းဇောင်း မကျန် တောင်ပေါ်တောင်အောက် ကျေးလက်မြို့ပြ အကုန်ဝိုင်းဝန်း ညီညီဆန္ဒ ထုတ်ဖေါ်ကြဖို့ တပ်လှန့်နှိုးဆော်လိုက်ပါတယ်၊၊

# ပြည်သူလူထုသက်သာချောင်ချိရေးကို လုံးဝထည့်သွင်း စဉ်းစားခြင်း မပြုဘဲ လောင်စာဆီဈေးနှုန်း တိုးမြင့်လိုက်မှုနှင့်စပ်လျဉ်း၍ နအဖစစ်အုပ်စုအား ငြိမ်းချမ်းစွာ တုန့်ပြန် ဆန္ဒပြရန် ပြည်သူလူထု သို့ ပန်ကြားချက်

၂၀၀၇ ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့က နအဖ စစ်အာဏာပိုင်တို့သည် ပြည်သူလူထုအား တစုံတရာ ကြိုတင် အသိပေး ခြင်းလုံးဝမရှိဘဲ၊ လောင်စာဆီနှင့် ဓါတ်ငွေ့ဈေးနှုန်းကို အဆများစွာတိုးမြှင့်သတ်မှတ်လိုက်သည်။ မြန်မာပြည်သူလူထုသည် မဆလ စစ်အာဏာရှင်ခေတ်တွင် ၂၆ နှစ်ကြာ စီးပွားရေး ကြပ်တည်းမှု ဒဏ်ကို ခါးစည်းခံစားခဲ့ကြရသည်။ စစ်အာဏာရှင်လက်သစ် နဝတ၊ နအဖခေတ်တွင်လည်း ၁၉၈၈ ခုနှစ်မှ ယနေ့အထိ စီးပွားရေးစီမံခန့်ခွဲပုံ အထပ်အထပ်မှားယွင်းမှုများကြောင့် ပြည်သူလူထုစားဝတ်နေရေး တနေ့တခြား ပိုမိုဆိုးဝါးလျှက်၊ ဆင်းရဲငတ်မွတ်ခြင်းဒုက္ခကိုပြင်းထန်စွာ ဆက်လက်ခံစားနေကြရသည်။ အထူးသဖြင့် လောင်စာဆီနှင့် ဓါတ်ငွေ့ဈေးနှုန်း ကို အဆမတန် တိုးမြှင့်သတ်မှတ်လိုက်သဖြင့် နောက်ဆက်တွဲအကျိုးဆက် အဖြစ် ကုန်ဈေးနှုန်း လိုက်မမှီအောင် ကြီးမြင့်မှု ပြဿနာကို ပြည်သူတရပ်လုံးနေ့စဉ်နှင့်အမျှ ရင်ဆိုင်နေကြရပြီဖြစ်သည်။

နအဖ၏ လက်ငင်းလုပ်ရပ်သည် ပြည်သူလူထုကြီးတရပ်လုံး၏ နေ့စဉ်စားဝတ်နေမှုဘဝကိုလုံးဝ ဂရုမစိုက် ပဲ “ဘယ်သူသေသေ ငတေမာလျှင် ပြီးရော”ဟူသည့် သဘောထားဖြင့် ပြည်သူလူထု ငတ်မွတ်မှု ဆင်းရဲတွင်းသံသရာမှ ရုန်းမထွက်နိုင်အောင်၊ စစ်အာဏာစိုးမိုးမှုကို မော်မကြည့်နိုင်အောင်လုပ်ခြင်းဖြစ်သည်။ ဤသို့ ပြည်သူအပေါ် နအဖ၏ ရက်စက်ရိုင်းစိုင်းစွာ ပြုကျင့်မှုကို ကွက်ကွက်ကွင်းကွင်းမြင်နိုင်ရန် လူထုကြီးအား သိသာထင်ရှားသည့် အချက် အလက်များဖြင့် ရှင်းလင်း တင်ပြ ပန်ကြားလိုပါသည်။

(နဝတ၊ နအဖ) စစ်အုပ်စုအာဏာလုယူခဲ့သည့် ၁၉၈၈ခုနှစ်မှစ၍ ယနေ့အထိ လူထုကြီး တရပ်လုံး၏ နေ့စဉ်စားဝတ်နေရေးပြဿနာများမှာ တနေ့ထက်တနေ့ ပိုမိုဆိုးရွားလာနေသည်ကို ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ကြုံနေရသည်။ လူထုအခြေခံစားဝတ်နေရေး ကျပ်တည်းပြီး အငတ်ပြဿနာရင်ဆိုင်နေရသည်မှာ လူထု၏ စီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးအောင် စီမံတတ်ခြင်းမရှိဘဲ၊ အာဏာကိုင်မ်းင်မ်းတက်ဖက်တွယ်ထားလိုမှုကြောင့် ဖြစ် သည်။ အထူးသဖြင့်စစ်အာဏာရှင်များ အာဏာယူချိန်မှစတင်၍ စစ်တပ် အင်အားကြီးအောင်၊ စစ်အသုံးစရိတ် များအဆမတန်သုံးစွဲခြင်း၊ တည်ဆောက်ပြုပြင်ဟု အကြောင်းပြကာ လူထုအားဖိနှိပ်ရာတွင် စစ်တပ်သွားလာရေး အဆင်ပြေစေရန် လမ်းတံတားစသော အပေါ်ယံ ရုပ်ဝတ္ထုပစ္စည်းများ တည်ဆောက်၍ ပြည်သူ့ အခွန်ဘဏ္ဍာငွေများ အဟောသိကံ ဖြစ်စေခဲ့သည်။ ပိုမိုရှင်းလင်းစေရန် နအဖကိန်းဂဏန်းများကို ကိုးကားတင်ပြပါမည်။ ၁၉၈၈ခုနှစ်တွင် တိုင်းပြည်၏အသုံးစရိတ်စုစုပေါင်းသည် ကျပ်သန်းပေါင်း ၇၉၅၅ ရှိရာမှ ၂၀၀၆–၀၇ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃၀၆၂၇၀၇ အထိ ၃၈၅ ဆတိုးလာခဲ့သည်။ အဆိုပါအသုံးစရိတ်ထဲတွင် စစ်တပ်အသုံးစရိတ်သည် နှစ်စဉ် ၆၀ ရာခိုင်နှုန်း အထက်တွင် အမြဲရှိသည်။

အဆိုပါအသုံးစရိတ်များကာမိစေရန် တိုင်းပြည်၏အခွန်ဘဏ္ဍာငွေလိုအပ်မှုသည် ၁၉၈၈ ခုနှစ်တွင် ကျပ် သန်းပေါင်း ၅၈၅၀ မှ ၂၀၀၆–၀၇ ယခုနှစ်တွင် ကျပ်သန်းပေါင်း ၂၈၂၇၃၅၈ အထိ ၄၈၃ ဆတိုးကာ ပြည်သူ လူထု ထံမှ ကောက်ခံခဲ့သည်။ ၄င်းငွေများမှာ လူထုကြီး၏ ချွေးနည်းစာများဖြစ်သည်။ ထို့ကြောင့်ဘတ်ဂျက်လိုငွေသည် ၁၉၈၈ ခုနှစ် မှစ၍ ၆၅၀ ဆအထိ အမြင့်ဆုံးတိုးခဲ့ကာ လိုငွေများကို ဝါဇီစက်ရုံမှ အဆက်မပြတ် ရိုက်ထုတ်ပေးခဲ့သည်။ အကျိုးဆက် အဖြစ် ထောင်မလဲသဲကော်ဆိုသည့် ဂျပန်ခေတ်ငွေစက္ကူ ထက်ပင် တန်ဘိုးကျကာ ကုန်ဈေးနှုန်း ခေါင်ခိုက်ကာ ပြည်သူတို့ ဆင်းရဲတွင်းနက်သည်ထက် နက်ခဲ့ရသည်။

ငွေစက္ကူများရိုက်ထုတ်နေသော်လည်း တိုင်းပြည်ဘတ်ဂျက်လိုငွေ အမြဲ ပြနေသဖြင့်၊ အခွန်ငွေအမျိုးမျိုး တိုးကောက်သော်လည်း လုံလောက်မှုမရှိပေ။ သို့ဖြင့်စစ်အုပ်စုက လုပိန်းနည်းဖြစ်သော လောင်စာဆီဈေးနှုန်းကို တဂါလံ ၃ကျပ်ခွဲ မှ ၁၆ ကျပ်၊ ထိုမှ ဓာတ်ဆီကို ၁၆၀ ကျပ်၊ ဒီဇယ်ကို ၁၈၀ ကျပ် နှင့် ၂၀၀၅ ခုနှစ်က ၁၅၀၀ ကျပ် အထိ အဆင့် ဆင့်တိုးပြီး၊ ယခုနောက်ဆုံး ဓာတ်ဆီကို ၂၅၀၀ ကျပ်၊ ဒီဇယ်ကို ၃၀၀၀ ကျပ်အထိတိုးမြှင့်ကာ၊ အသုံးစရိတ်ငွေ တိုးတက်ရရှိရေးအတွက် လူထုခေါင်းပေါ်သို့ မနိုင်ဝန်ထုပ်ဝန်ပိုးကို တင်ပေးနေသည်။

လောင်စာဆီသည် လူသားတို့၏ နေ့စဉ်စားသောက်နေထိုင်မှုဘဝတွင် အရေးအကြီးဆုံးနှင့် မရှိမဖြစ် အခြေခံလိုအပ်ပစ္စည်းဖြစ်သည်။ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပေါများသည့် မြန်မာနိုင်ငံတွင် အာဏာရှင် ဗိုလ်ချုပ်ကြီးများက သူတို့အာဏာဆက်လက် တည်မြဲရေးအတွက် လောင်စာဆီကို လက်နက်အဖြစ်အသုံးချကာ၊ ပြည်သူလူထု၏လူနေမှုဘဝများ တိုးတက်သာယာဝပြောရေးကို နင်းခြေပစ်ခဲ့သည်။ မိမိနိုင်ငံက ထွက်သည့် ဓါတ်ငွေ့ လောင်စာများကို ပြည်ပသို့ရောင်းချ၍ ရသည့် ဒေါ်လာများဖြင့် ပြည်ပရန်မရှိဘဲ စစ်လက်နက်များ ဝယ်ယူနေသည်။ ညူကလီးယားစက်ရုံ တည်ဆောက်ကာ ကမ္ဘာကြီးကိုချိမ်းချောက်ရန်ကြိုးစားနေသည်။ နေပြည်တော်၊ ဒုတိယ ရတနာပုံမြို့သစ်များကို မလိုလားအပ်ဘဲ တည်ဆောက်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာဖြုန်းတီးနေသည်။ လက်ရှိ စစ်တပ် အသုံးစရိတ်သည် တိုင်းပြည်ဝင်ငွေ၏ ၂ မှ ၄ ရာခိုင်နှုန်းကျော် သုံးနေချိန်မှာ ပြည်သူလူထုအားလုံး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအသုံးရိတ် စုစုပေါင်းသည်၊ တိုင်းပြည်ဝင်ငွေ၏ (၀ ဒသမ ၇) ရာခိုင်နှုန်းသာသုံးသည်။

အလျှံပယ်ထွက်ရှိနေသောသဘာဝဓါတ်ငွေ့များကို ပြည်ပတင်ပို့နေချိန်တွင် တဘက်က ပြည်သူလူထု အသုံးပြုရန်လိုအပ်သောလောင်စာဆီကို ပြည်တွင်းထွက်လောင်စာဆီများမှ စတိမျှသာ သုံးစွဲနေပြီး၊ နောက်ထပ် အနည်းငယ်လိုသော လောင်စာဆီကို ပြည်ပကပြန်တင်သွင်းသည့်လုပ်ရပ်မှာ စီမံခန့်ခွဲမှုလွဲမှားကြောင်း သက်သေပြချက်တခုဟု ဆိုရပေမည်။ အတွေးအခေါ်ရှင်ဗိုလ်ချုပ်မှူးကြီးများပေ။ မဖြစ်သင့် မဖြစ်ထိုက်သည့်လုပ်ရပ်ပင်။ ကမ္ဘာပေါ်ရှိ ပြည်သူလူထု အကျိုး လိုလားသည့် အစိုးရတိုင်း အဆိုပါနည်းလမ်းကို ကျင့်သုံးရိုးမရှိပါ။

လက်ငင်းနအဖ၏ လောင်စာဆီဈေးနှုန်း တိုးမြင့်မှုနှင့်စပ်လျဉ်း၍ ပြည်သူလူထုအားထပ်မံတင်ပြပါဦးမည်။ နအဖ၏ လူထုအတွက် ပြည်ပမှ လောင်စာဆီတင်သွင်းမှုတန်ဘိုးသည် ၂၀၀၅–၀၆ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂၇၅ သန်းဖိုးခန့်ရှိခဲ့ပြီး၊ ယခု ၂၀၀၆–၀၇ ခုနှစ် ဒီဇင်ဘာလအထိ (၉လအတွင်း) အမေရိကန်ဒေါ်လာ ၄၈၅ သန်းဖိုးခန့် ရှိနေပြီဖြစ်သည်။ ဤသည်မှာ လောင်စာဆီ တန်ချိန် တိုးသွင်း၍မဟုတ်ဘဲ ကမ္ဘာ့လောင်စာဆီဈေးနှုန်း တက်နေ၍ ယခင်နှစ်ကထက် ဒေါ်လာသန်း ၂၁၀ ခန့်ပိုကုန်ကျခြင်းဖြစ်သည်။ အဆိုပါပိုကုန်ကျငွေကို ကာမိစေရန် လောင်စာဆီ ဈေးနှုန်း တိုးမြှင့်ကာ ပြည်သူလူထုကိုဝန်ထုပ်ဝန်ပိုးတိုးထမ်းခိုင်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ၊ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချ၍ ရငွေသည် ၂၀၀၅–၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၇၃ သန်းရှိပြီး ယခုနှစ်တွင် ဒေါ်လာ သန်း ၂၆၀၀ အထိ ဒေါ်လာ သန်း ၁၅၀၀ ခန့်တိုးရရှိခဲ့သည်။ ပြည်တွင်းထွက်သဘာဝဓာတ်ငွေ့များမှ လူထုအတွက် ၁၅ ရာခိုင်နှုန်းခန့်သာသုံးနေပြီး၊ အဘယ့်ကြောင့် လိုအပ်သည့် လောင်စာဆီကို ပြည်တွင်းလိုအပ်ချက်အတွက်တိုးမသုံးစွဲသလို၊ သဘာဝဓာတ်ငွေ့ရောင်းရငွေမှ နအဖက မသုံးဘဲ ပြည်တွင်းဆီဈေးအား တိုးမြှင့်ခဲ့ရနည်း။

လူထုပိုင်သည့် သယံဇာတများရောင်းရငွေမှ ဒေါ်လာသန်း၂၀၀–၃၀၀ ကိုလူထုအတွက် သုံးစွဲရန် စေတနာ မထားရုံမျှမက၊ ယခုကဲ့သို့ လူထု ထမင်းငတ် အောင်ဖန်တီးသည့် လုပ်ရပ်အား ပြည်သူလူထုအနေဖြင့် လည်စဉ်းခံ ရန် အကြောင်းလုံးဝမရှိဟု ရှုမြင်သုံးသပ်ပါသည်။ ယခုကဲ့သို့ နအဖ စစ်အာဏာရှင်များ၏ လူမဆန်သည့် လုပ်ရပ်ကို ပြည်သူလူထုကြီးတရပ်လုံးက ညီညီညွတ်ညွတ် မိမိတို့ရပိုင်ခွင့်များကို တောင်းဆိုတိုက်ပွဲဝင် ကြရန် အကြံပြု ပန်ကြား အပ်ပါသည်။

## ပြည်သူတရပ်လုံးသို့ အကြံပြု ပန်ကြားချက်

ကျောင်း၊ တက္ကသိုလ်၊ စက်ရုံ၊ အလုပ်ရုံ ရုံးဌာနများသို့ သွားရာတွင် ဘတ်စ်ကားလုံးဝ မစီးဘဲ ခြေလျင်လျှောက်သွားခြင်းအားဖြင့် လောင်စာဆီဈေးနှုန်း တိုးမြင့်မှုကို ဆန့်ကျင်ရန်။

ကျောင်း၊ တက္ကသိုလ်၊ စက်ရုံ၊ အလုပ်ရုံ ရုံးဌာနများမှ ပြန်သောအခါ၌လည်း လမ်းလျှောက်ပြန်နိုင်ရေးအတွက် (အလုပ်၊ ကျောင်း စသည်တို့မှ) အနည်းဆုံး (၁) နာရီ စော၍ ပြန်ခြင်းဖြင့် လောင်စာဆီဈေးနှုန်း တိုးမြင့်မှုကို တုန့်ပြန် ဆန့်ကျင်ရန်။

သက်ဆိုင်ရာ အာဏာပိုင်တို့အနေဖြင့် ပြည်သူလူထုသက်သာချောင်ချိမှု ရေးရှုလျှက် လောင်စာဆီ ဈေးနှုန်းများကို မူလသတ်မှတ်ဈေးသို့ ပြန်လည်ပြည်ဆင်သတ်မှတ်ပေးရန်၊ အကယ်၍ ဈေးနှုန်းပြန်လည်ပြင်ဆင်သတ်မှတ်ပေးခြင်းမရှိပါက၊ တောင်းဆိုချက် မရမချင်း ပြည်သူအများနှင့်အတူ "လောင်စာဆီဖူလုံရေးနှင့် ဈေးနှုန်းကျဆင်းရေး လူထုလှုပ်ရှားမှု" လမ်းလျှောက်ပွဲကို ဆက်လက်ဆင်နွှဲကြရန်။

အလုပ်သမားနှင့်ကျောင်းသူကျောင်းသားများ အလုပ်နောက်ကျခြင်း၊ ကျောင်းနောက်ကျခြင်းများဖြစ်ရခြင်းကိစ္စနှင့် စပ်လျဉ်း၍ လူထုတွင်တစုံတရာ တာဝန်မရှိပါ။ လူထုသက်သာချောင်ချိရေးကို လုံးဝထည့်သွင်း စဉ်စားခြင်းမပြုဘဲ၊ လောင်စာဆီဈေးနှုန်းတိုးမြင့်လိုက်သည့် နအဖစစ်အာဏာပိုင်များ၏ တာဝန်လုံးလုံးသာဖြစ်သည်ဟု တညီတညွတ်တည်း သဘောထားရန်။

# ပြည်သူများသို့ ပန်ကြားချက်

➢ ကျွန်တော်တို့ ပြည်သူတွေစီးပွားရေး ကြပ်တည်းမှုမျိုးစုံခံစားနေရတာအတော် ကြာပါပြီ

➢ အလုပ်အကိုင်ရှားပါးလို့ ဝင်ငွေရှားပါးရတဲ့ကြားထဲက ဘာတစ်ခုလုပ်ချင်လုပ်ချင် ပေးကမ်းနိုင်မှအဆင်ပြေဆိုတဲ့ နေရာတိုင်းလဒ်စားမှု မမျှတမှုကြီးကိုလည်း မုန်းလှပါပြီ၊

➢ မကျေနပ်လို့၊ မတရားလို့၊ တိုင်စရာမရှိ မျှတတဲ့ ဖြေရှင်းမှုလည်းမရှိတဲ့ ဘဝကိုလည်းမွန်းကြပ်လှပါပြီ၊

➢ တစ်ပူပေါ်နှစ်ပူဆင့် လောင်စာဆီဈေးနှုန်းတွေမြင့်လိုက်တော့ ကျောင်းသွားရ။ အလုပ်သွားရ အခက်အခဲ စားဝတ်နေရေးအခက်အခဲတွေက ပိုပြီးဆိုးလာပါပြီ၊

➢ ကျွန်တော်တို့ဘာလုပ်ကြမလဲ? တူဖြစ်တုန်းခံဦးပေါ့ဆိုပြီးတော့ တုံဏှိဘာဝေနေသွားကြမလား ကိုယ့်အလှည့်မရောက်သေးလို့ဆိုပြီး သူများတွေခံနေရတာကို လက်ပိုက်ကြည့် မသိကျိုးကျွံပြုနေကြမလား၊

➢ ကျွန်တော်တို့ကိုယ့်ဘဝကိုယ်ပြန်ထူ။ ပြန်တည့်မတ်ကြပါစို့ ကိုယ့်အနာဂါတ်ကိုယ်ပဲ့ကိုင်ဘို့ကြိုးစားပါစို့၊

➢ ကျွန်တော်တို့ဟာပြုသမျှငြိမ်ခံနေတဲ့ ဂုဏ်သိက္ခာမရှိတဲ့လူတွေမဟုတ်ဘူးဆိုတာကိုပြကြရအောင် မတရားတာ။ မမျှတတာ။ မမှန်တာကို ဆန့်ကျင်ဘို့မကြောက်ဘူးဆိုတဲ့ သတ္တိကိုဖေါ်ထုတ်ကြရအောင်၊

➢ အုပ်ချုပ်သူတွေမကောင်းလို့ ကမ္ဘာ့အလယ်မှာမျက်နှာငယ်နေရတဲ့ မြန်မာပြည်ကို ကျွန်တော်တို့ ပြည်သူတွေက ပြန်လည်မြှင့်တင်ကြပါစို့ ၊

➢ **ကျွန်တော်တို့ဆန္ဒကိုဖေါ်ထုတ်တဲ့အနေနဲ့**

–နေ့စဉ် ဈေး၊ ကျောင်း၊ ရုံးသွားတာတွေကိုလမ်းလျှောက်သွားကြရအောင်။
–ရုံး၊ ကျောင်း၊ နောက်ကျရင်လမ်းစရိတ်မတတ်နိုင်လို့ နောက်ကျတယ် ပြောကြမယ်။
–လမ်းလျှောက်သူတွေကိုအကြမ်းဖက်လာရင် ပြည်သူအားလုံးကဝိုင်းကာကွယ်မယ်။

လက်ရှိ ရပ်ကွက်များ၏ လုံခြုံရေးကို အထူးတင်းကြပ်ထားခိုင်းသည်။ ဧည့်စာရင်းကိုလည်း တင်းကြပ်၊ ဧည့်စာရင်းစစ်ခိုင်း၊ ကင်းစောင့်ခိုင်း၊

မယက ရုံးနှင့် အခြားလုံခြုံရေးများအတွက် ရပ်ကွက်အတွင်းပိုင်းအလိုက် တပိုင်းလျှင် ၂ ဦးက စေလွှတ်ရသည်။

အရေးကြီးတဲ့ သူတို့ထင်ထားတဲ့ နေရာတွေမှာ တပ်မတော်သားအပါအဝင် ရဲ၊ ကြံ့ဖွံ့၊ မီးသတ်၊ SP ၊ စယဖ တပ်ဖွဲ့ဝင်တွေ ပါဝင်ပြီး ဧည့်စာရင်း စစ်ပါတယ်၊ ရပ်ကွက်ထဲမှာတော့ ဧည့်စာရင်း စစ်ပြီး ရယက ဥက္ကဋ္ဌ ထံ စစ်ပြီးကြောင်း အခြေအနေ အရပ်ရပ်ကို အသေးစိတ် အစီရင်ခံရပါတယ်၊ ရပ်ကွက် နယ်မြေ အပိုင်း အလိုက် (ရာအိမ်မှူးများက ဥက္ကဋ္ဌထံ အသေးစိတ် အစီရင်ခံရပါတယ်။ အထက်ကိုအစီရင်တဲ့အခါ

စစ်ခဲ့တဲ့ အိမ်ထောင်စု အရေအတွက်

ကျား၊ မအရေအတွက်

ဧည့်သည် ကျား၊ မ အရေအတွက် အတိအကျနဲ့

ဧည့်စာရင်းစစ်တဲ့ အဖွဲ့ဝင် ဦးရေကို

ရဲတပ်ဖွဲ့ဝင် အရေအတွက်

မီးသတ် အရေအတွက်

ရ ယ က အဖွဲ့အရေအတွက်

အင်အားအတိအကျ ဖြည့်စွက်ပြီး တင်ပေးရပါတယ်၊

မယက မှ ရယက ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများထံ မိမိပိုင်နက်အတွင်း နိုင်ငံရေးလှုပ်ရှားမှုများ မရှိစေရန်၊ အာမခံခိုင်းသည်။ အာမခံ လက်မှတ်ထိုးခိုင်းသည်။ ရယက ဥက္ကဋ္ဌ က ယနေ့ အထိ နိုင်ငံရေး လှုပ်ရှားမှု မရှိသေးကြောင်း အစီရင်ခံသည်။

(၁) (ရပ်ကွက်) အာဏာပိုင်အဖွဲ့အစည်းများ၏ အစည်းအဝေများ၊

လတစ်လ၏ ပထမ (၁၅) ရက်နေ့မှာ တစ်ခါ

ဒုတိယ လကုန်ရက်မှာ တစ်ခါ စုစုပေါင်း တစ်လမှာ နှစ်ကြိမ်၊

(၂) အောက်ခြေအဖွဲ့အစည်းများ ခယက၊ မယက၊ ရယက များက သောကြာနေ့တိုင်း တပ်မ အစည်းအဝေးကို တက်ရသည်။ ထိုသောကြာနေ့အစည်း အဝေးက အချက်အလက်တွေကို အောက်ခြေ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများကို ဥက္ကဋ္ဌ ကတဆင့် ထပ်ဆင့်ပြီးရှင်းလင်း၊

ရပ်ကွက်တွင်း လုံခြုံရေးတင်းကြပ်ပုံကတော့ ရပ်ကွက်တွင် လူစိမ်းများ ဝင်ရောက်ခဲ့သော် အထူးလေ့လာ စောင့်ကြည့်ရပြီး ထူးခြားမှုရှိတာနဲ့ ရ ယ က ရုံးကို ချက်ခြင်း သတင်းပို့ခိုင်းတယ်၊ ရပ်ကွက်တွင် ဆူညံမှုကို တင်းကျပ်ခိုင်းတယ်၊ လင်မယားခြင်းရန်ဖြစ်တာက အစ အရေးယူခိုင်းတယ်၊ မူးပြီးဆဲရင် ၄၇ နဲ့ အရေးယူတယ်၊ လင်မယား ရန်ဖြစ်ရင်လည်း ၄၇ နဲ့ အရေးယူတာပဲ ။

ကိုလှမျိုးနောင်

မနီလာသိန်း

ကိုဌေးကြွယ် အပေါင်းအပါ ၇ ဦးကို အောက်ခြေ ရယက အဖွဲ့ဝင်တွေထဲထိ အသိပေးတပ်လှန့်ထားခဲ့ပါတယ်၊

(စွမ်းအားရှင်) ဆိုတာနဲ့ ပတ်သက်ပြီး

ဟိုတုန်းကတည်းက ရပ်ကွက်ထဲက လုပ်ရဲ၊ ကိုင်ရဲတဲ့သူ လက်စ၊ လက်န ရှိတဲ့သူတွေကို ရဲ၊ နယ်ထိန်းတွေက လက်သပ် မွေးထားလေ့ ရှိပါတယ်၊ ချဲ၊ နှစ်လုံးထီဒိုင်နဲ့ ဘောလုံးဒိုင်တွေဆီက လိုင်းကြေးတောင်းခိုင်းတာမျိုး၊ တချို့ တရားခံတွေကို ဖမ်းဆီးတဲ့အခါမှာ အန္တရာယ်ရှိနိုင်တယ်လို့ ယူဆတဲ့ အခါမျိုးတွေမှာ သူတို့ကို အသုံးချလေ့ရှိပါတယ်၊ ထောက်လှမ်းရေးခေတ်ကလည်း အသုံးပြုတာတွေ ရှိပါတယ်၊ ဥပမာအားဖြင့် သတင်းပေးတွေ ထားရှိပုံမျိုးနဲ့ တူပါတယ်။

လက်ရှိကတော့ ရပ်ကွက်တွေထဲမှာ အလုပ်အကိုင် မယ်မယ်ရရ မရှိကြတဲ့ လူငယ်တွေကို ငွေကြေးပေးပြီး သူတို့ပြောတဲ့ (နေ့တွက်) ပေးပြီး ခိုင်းနေတာပါ၊ တစ်နေ့ ၂၀၀၀ – ကျပ်လောက်ရရင်ပဲ မိသားစုအတွက် အထောက်အပံ့ ဖြစ်ရင် ပြီးရော ဆိုပြီး လုပ်နေကြတာ ရှိပါတယ်၊

နောက်ပြီး ရပ်ကွက်ထဲမှာ ကြံ့ဖွံ့ဝင်ပြီးသား အဖွဲ့ဝင်တွေကို အပိုင်းလိုက် စာရင်းပြုစုပြီး အထက်ကိုတင်ပေးနေရပါတယ်၊ နောက်ထပ်ဝင်မယ့် အရေအတွက်တော့ ရပ်ဆိုင်းထားပါတယ်၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်တွေကိုလဲ စာရင်းပြုစုပြီး ပေးပို့ရပါတယ်၊

**မှတ်သားဖွယ် ကောက်နုတ်ချက်**

“

ပြည်လူထုဟာ
သတ္တိရှိရှိ လုပ်မယ်
ဆိုရင် လုပ်တဲ့ အတိုင်း
အတာထိ ပိုပြီးတော့
အခွင့်အရေးတွေ
ရတယ်။ လူထုက
ကြောက်နေမယ်ဆိုရင်
ကြောက်သလိုပဲ
ပိုပြီးတော့ဖိကြတယ်။
ပိုပြီးဖိတဲ့အခါကျတော့
အခွင့်အရေးတွေဟာ
ပိုပြီးတော့ နည်းပါး
သွားကြတယ်။ ဒါကြောင့်
ဒီမိုကရေစီ လိုချင်တယ်
ဆိုလို့ရှိရင် သတ္တိရှိဖို့
လိုတယ်ဆိုတာ
ဒါကိုပြောတာပဲ

”

ဒေါ်အောင်ဆန်းစုကြည်

တိုင်းသူပြည်သားဆန္ဒအရ
မဟုတ်ပဲ တိုင်းသူပြည်သား
တွေနဲ့ ကင်းကွာပြီး မင်းစိတ်
ပေါက်နေတဲ့ အရာရှိတွေ
ချယ်လှယ်တဲ့ စံနစ်ဆိုးမျိုး
ရှိနေရင် အများပြည်သူတို့
ဆန္ဒနဲ့ လုပ်ကိုင်ရတဲ့
ဒီမိုကရေစီဝါဒ
ခေတ်မစားနိုင်တဲ့
ဖက်ဆစ်ဝါဒ ဆင်တူရိုးမှား
တွေ ပေါ်လာနိုင်တယ်

ဗိုလ်ချုပ်အောင်ဆန်း

ကျမတို့ဟာ နောင်ဒီမိုကရေစီ
ပြည်ထောင်စုသစ်တခုအဖြစ်
ထူထောင်ရေးအတွက် ပင်လုံ
လို တိုင်းရင်းသားလူမျိုးစုများ
အားလုံးပါဝင်တဲ့ ညီလာခံကြီး
တခုခေါ်ဖို့လိုတယ်လို့ ယုံကြည်
ပါတယ်။ ဒီလိုညီလာခံကြီးက
နေပြီးတော့ ပြည်ထောင်စု
တည်တံ့ခိုင်မြဲရေးအတွက်
တိုင်းရင်းသားလူမျိုးစုများရဲ့
ရသင့်ရထိုက်တဲ့ အခွင့်အရေး
များ၊ ကိုယ်ပိုင်ပြဌာန်းမှု စတဲ့
ကိစ္စတွေကို သေသေချာချာ
ဆွေးနွေးပြီးတော့ အားလုံးရဲ့
သဘောတူညီချက်အရ
အကောင်းဆုံးအဖြေကိုရှာမယ်
ဆိုတဲ့ရည်ရွယ်ချက်ရှိပါတယ်

ဒေါ်အောင်ဆန်းစုကြည်